nystateofhealth
The Official Health Plan Marketplace



# HEALTH CARE တွင် လူကြီးမင်းတို့ တတ်နိုင်လောက်မည့်

## ငွေကြေးအကူအညီအသစ်ကို ရယူနိုင်ပါပြီ

ပြည်ထောင်စု ရန်ပုံငွေထောက်ပံ့မှုအသစ်အရ ပိုမိုတတ်နိုင်မည့် ပမာဏဖြင့် အာမခံထားရှိနိုင်ပါပြီ။ ငွေရေးကြေးရေးအကူအညီရယူရန် စာရင်းပေးသွင်းထားသူဖြစ်ပါက ပို၍ပင်ရရှိနိုင်ပါသည်။ စာရင်းပေးသွင်းထားခြင်းမရှိစေကာမူ ပထမဆုံးအကြိမ် ငွေကြေးအကူအညီအတွက် သတ်မှတ်ချက်ပြည့်မနိုင်ပါသည်။

**နယူးယောက်ပြည်နယ်၊ ကျန်းမာရေးဌာနသို့ ဆက်သွယ်လိုက်ပါ-**

အွန်လိုင်း- nystateofhealth.ny.gov

ဖောက်သည်ဝန်ဆောင်မှုစင်တာ-
1-855-355-5777 (TTY:1-800-662-1220)

စာရင်းသွင်းထောက်ကူမှုဆိုင်ရာ အရာရှိ-
info.nystateofhealth.ny.gov/findassistor

*For more information on the American Rescue Plan*
*အစီအစဉ်ဆိုင်ရာ နောက်ထပ်အချက်အလက်များကို သိရှိလိုပါက*
https://info.nystateofhealth.ny.gov/AmericanRescuePlan
*သို့ ဝင်ရောက်ကြည့်ရှုပါ။*

nystateofhealth™
The Official Health Plan Marketplace

NEW IN 2021-
အာမခံကြေး လုံးဝ
သွင်းစရာမလိုသည့်အပြင်
အစီအစဉ်အားလုံးတွင် မျက်စိနှင့်
သွားဘက်ဆိုင်ရာတို့
ပါဝင်သည်။

# THE ESSENTIAL PLAN

**ESSENTIAL PLAN** အာမခံအစီအစဉ်သည် ဝင်ငွေနည်းသော သူများအတွက် သင့်တော်ပါသည်။

သတ်မှတ်ချက်ပြည့်မီသူများ လစဉ်ပေးရမည့် အာမခံကြေးမှာ **$0** ဖြစ်ပါသည်။

အခွန်မဆောင်ခင် ဝင်ငွေမှလည်း နုတ်ရန်မရှိသည့်အတွက် သင့်ကျန်းမာရေးစောင့်ရှောက်မှုအတွက်ကို အာမခံအစီအစဉ်က ချက်ချင်းပေးချေသွားမည်ဖြစ်ပါသည်။

## **ESSENTIAL PLAN** သည် အခြားကျန်းမာရေး အာမခံအစီအစဉ်များနည်းတူ အကျိုးခံစားခွင့်များကို ပေးအပ်ပါသည်။

- အထူးကုဆရာဝန်များအပါအဝင် ဆရာဝန်များနှင့် ပြသခြင်း
- သင့်ဆရာဝန်က ညွှန်ကြားပေးသည့် စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခြင်း
- ဆရာဝန်ညွှန်ကြားသည့် ဆေးများပေးခြင်း
- ဆေးရုံတွင် အတွင်းလူနာ၊ အပြင်လူနာအဖြစ် တက်ရောက်ကုသခြင်း
- သွားဘက်ဆိုင်ရာနှင့် အမြင်အာရုံဆိုင်ရာ အကျိုးခံစားခွင့်များ

**Essential Plan အရ ကျန်းမာရေးဝန်ဆောင်မှုတစ်ခုချင်းစီအတွက် သင့်ဘက်က အချိုးကျပေးချေရသော ငွေကြေးပမာဏ — မျှပေးရသော ငွေ —သည် အလွန်နည်းသည်။ တစ်ခါတစ်ရံတွင် လုံးဝမပေးရသလောက်ဖြစ်သည်။**

**ဆရာဝန်နှင့် ပုံမှန်စစ်ဆေးမှုခံယူခြင်းနှင့် ဆေးစစ်ခြင်းများအပါအဝင် ရောဂါကာကွယ်တားဆီးရေးဝန်ဆောင်မှုများမှာ အခမဲ့ဖြစ်သည်။**

**Essential Plan** အစီအစဉ်ကို ဒီနေ့ပဲ မှတ်ပုံတင်လိုက်ပါ။ စာရင်းသွင်းမှုကို တစ်**နှစ်ပတ်လုံးလုပ်ဆောင်နိုင်ရန်** ဖွင့်ပေးထားပါသည်။

နယူးယောက်ပြည်နယ်၊ ကျန်းမာရေးဌာနသည် အများပြည်သူရပိုင်ခွင့်ဆိုင်ရာ ပြည်ထောင်စုဥပဒေများနှင့် ပြည်နယ်ဥပဒေများကို လိုက်နာပြီး လူမျိုး၊ အသားအရောင်၊ နေရင်းဒေသနိုင်ငံ၊ အယူဝါဒ/ဘာသာ၊ လိင်၊ အသက်အရွယ်၊ အိမ်ထောင်ရှိမှု/ မိသားစုရှိမှုအခြေအနေ၊ မသန်မစွမ်းဖြစ်မှု၊ အဖမ်းခံထားရသည့် မှတ်တမ်းရှိမှု၊ ပြစ်မှုကြောင်းအရ တရားစီရင်ခံရမှု (များ)၊ ကျားမဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွတ်မှု၊ မျိုးဗီဇဆက်ခံမှု၊ စစ်ရေးအခြေအမေ၊ အိမ်တွင်းအကြမ်းဖက်ခံရသူဖြစ်သည့် အခြေအနေ နှင့်/သို့မဟုတ် လက်တုံ့ပြန်မှုများအပေါ် အခြေခံပြီး ခွဲခြားမှုမမရှိပါ